ကျူတောအင်းကျေးရွာ

ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ – ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျူတောအင်းကျေးရွာ၊ ဟသ်ာတမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

## မာတိကာ


| | |
|---|---|
| မာတိကာ | ၂-၅ |
| အတိုကောက်စကားလုံးများ | ၆ |
| စကားချီး | ၇-၈ |
| ကျူတောအင်းကျေးရွာ၏သယံဇာတပြမြေပုံ | ၉ |
| ကျူတောအင်းကျေးရွာ၏ရာသီခွင်ပြပြက္ခဒိန် | ၁၀ |
| ကျူတောအင်းကျေးရွာ၊ အဖွဲ့အစည်းပြမြေပုံ၊ဟသ်ာတမြို့ | ၁၁ |
| ကျေးရွာအပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် လုပ်ငန်းအစီအစဉ် | |
| (၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | |
| (၁.၁) ရည်ရွယ်ချက် | |
| (၁.၂) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | ၁၂-၁၄ |
| (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ | |
| (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | ၁၄-၁၅ |
| (၃) ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | |
| (က) လူဦးရေဆိုင်ရာ အချက်လက်များ | |
| ( ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| ( ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| (ဃ) ကျန်းမာရေးနှင့် အာဟာရ | |
| ( င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| ( စ) ကျားမဆိုင်ရာဆက်နွယ်မှု | ၁၅-၁၈ |
| (၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ | |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | |
| (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |
| (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | |
| (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | ၁၈-၂၃ |

(၅) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၃-၂၆

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ
(က) ရည်မှန်းချက်ပန်းတိုင်
(ခ) နည်းဗျူဟာ ၂၆-၂၈

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြားအစီအစဉ် ကျသောချိတ်ဆက်မှုများ
(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း
( ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ
( ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာနှင့်ဈေးကွက်အတွက်အထောက် အပံ့များဖြည့်ဆည်းပေးခြင်း ၂၈-၃၀

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ ၃၀-၃၄

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၃၅-၃၆

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအမံများ ၃၇-၃၈

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း
(၁) ကြီးကြပ်စစ်ဆေးခြင်း
(၂) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အကဲဖြတ်ပွဲ ၃၉-၄၁

နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ ၄၂-
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့်ကျားမအလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်း
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ခာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့်
အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာခြင်း၏ အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက်
လက်ရှိအလေ့အကျင့်နှင့်
အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတက်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းအပ်နှုန်း

ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျားမရေးရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ -၈၉
ကိုးကားစာရင်း ၉၀

# အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ခုဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့၏ကျူတောအင်းကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိနားလည်ခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကျူတောအင်းကျေးရွာ

ဟသ်ာတမြို့နယ်

ရက်စွဲ၊၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ရက်

ဟင်္သာတမြို့နယ်၊ အင်္ဂပိုကျေးရွာအုပ်စုကျူ့တောအင်းကျေးရွာသယံဇာတပြမြေပုံ



# ရော၀တီတိုင်းဒေသကြီး၊ဟသ်ာတမြို့နယ်၊အင်္ဂပိုကျေးရွာအုပ်စု၊ကျူတောအင်းကျေးရွာ၊ရာသီခွင်ပြက္ခဒိန်

| အဖြစ်အပျက် | ပြာသိုလ | တပိုတွဲလ | တပေါင်း လ | တန်ခူး လ | ကဆုန် လ | နယုန် လ | ၀ါဆိုလ | ၀ါခေါင် လ | တော်သ လင်း | သီတင်း ကျွတ် | တန်ဆော င်မုန်း | နတ် တော် လ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | နှင်းကျ | နေပူ/ နှင်းကျ | နေပူ | နေပူ | နေပူ/ မိုးရွာ | မိုးရွာ | မိုးရွာ | မိုးရွာ | မိုးရွာ /နေပူ | မိုးရွာ /နေပူ | နှင်းကျ | နှင်းကျ |
| အလုပ်အကိုင် | ပဲဆေး ဖျန်း | ပဲဆေး ဖျန်း | ပဲနှုတ် | ပဲနှုတ် | လယ် ယာပြင် | စပါး စိုက် | ဆေးဖျန်း | ဓါတ်မြေ သြဇာ ပတ် | ခြံလုပ် ငန်း | စပါး ရိတ် | စပါးသိမ်း/ ပဲစိုက် | စပါး သိမ်း /ပဲစိုက် |
| လက်လုပ်လက်စား မိသားစုများဝင်ငွေရရှိမှု (မရှိ/နည်း/များ) | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | နည်း |
| အသုံးစရိတ် | များ | နည်း | များ | များ | နည်း | များ | များ | များ | နည်း | များ | များ | များ |
| ချေးငွေလိုအပ်မှု | များ | များ | များ | များ | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း |
| သောက်သုံးရေရရှိမှု | များ | များ | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | များ | များ | များ |
| တိရစ္ဆာန်အစာရရှိမှု | မရှိ | မရှိ | အနည်း ငယ်ရှိ | အနည်း ငယ်ရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ရှိ |
| တိရစ္ဆာန်ရောဂါ ကျရောက်မှု | ရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ရှိ | ရှိ | မရှိ | မရှိ | ရှိ |
| ကျန်းမာရေးအခြေအနေ | ကောင်း | ကောင်း | ကောင်း | ကောင်း | ရာသီ ဖျားရှိ | ရာသီ ဖျားရှိ | သွေးလွှ န် တုတ် ကွေးရှိ | သွေးလွန် တုတ် ကွေးရှိ | ကောင်း | ကောင်း | ရာသီဖျားရှိ | ကောင်း |
| သီးနှံပိုးမွှားရောဂါကျ ရောက်မှု | ရှိ | ရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | ရှိ | ရှိ | မရှိ | မရှိ | ရှိ |
| ပွဲတော် | တရား စခန်းပွဲ | | | သကြ်န် ပွဲတော် | ညောင်ရေ သွန်းပွဲ | | ၀ါဆိုသင်္ကန်း ကပ် | | | မီးထွန်း ပွဲတော် | တန်ဆောင် တိုင်ပွဲတော် | |
| သဘာ၀ဘေးအန္တရာယ် | | | | | | မုန်တိုင်း အနည်း ငယ်ရှိ | မုန်တိုင်း အနည်း ငယ်ရှိ | | | | မုန်တိုင်း အနည်းင ယ်ရှိ | |

ကျူတောအင်းကျေးရွာ၊အဖွဲ့အစည်းပြမြေပုံ၊ဟသ်ာတမြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။ ကျွန်ုပ်တို့၏ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးမှုဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရရှိစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်နှင့်

တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျေးရွာနှင့်ဆိုင်သော သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံချက်များချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်

အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များ အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံချက်များကိုနှစ်အလိုက်ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ဟသ်ာတမြို့နယ်သည် မြန်မာနိုင်ငံအောက်ပိုင်းဒေသတွင် တည်ရှိပြီး မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅ မိနစ်နှင့် ၁၇ ဒီဂရီ ၅၀ မိနစ်ကြား အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀ မိနစ်မှ ၄၅ ဒီဂရီ ၃၅ မိနစ်ကြားတွင် တည်ရှိပါသည်။ အကျယ်အဝန်းအားဖြင့် ( ၃၇၈.၆၅ )စတုရန်းမိုင် ကျယ်ဝန်း ပါသည်။ အရှေ့မှ အနောက်သို့ ( ၂၄ )မိုင်ရှိပြီး၊ တောင်မှမြောက်သို့ ( ၂၈ )မိုင် ရှည်လျားပါသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပျမ်းမျှအမြင့်ပေ( ၄၃.၅၀ )အထက်တွင် တည်ရှိပြီး မြစ်ဝကျွန်းပေါ် မြေပြန့်ဒေသဖြစ်ပါသည်။ ချောင်း၊မြောင်း ၊ အင်းအိုင် များပေါများပြီး ဧရာဝတီမြစ်၊ ငဝန်မြစ် တည်ရှိပါသည်။ ဟသ်ာတမြို့သည် အရှေ့တောင် ဘက်တွင် ဇလွန်မြို့ နှင့် အရှေ့ဘက်တွင် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် တောက်ဘက်တွင် ကျုံပျော်မြို့နယ်နှင့် ဓနုဖြူမြို့နယ် အနောက်မြောက်ဘက်တွင် အင်္ဂပူမြို့နယ်တို့ တည်ရှိပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရွာသည့်ရက်မှာ(၁၀၈)ရက်ရှိပြီး ပျမ်းမျှမိုးရေချိန်မှာ(၉၄.၉၈)လက်မဖြစ်ပါသည်။ မိုးရွာသွန်းမှုအများဆုံးကာလမှာ ဇူလိုင်လနှင့် ဩဂုတ်လများဖြစ်ပါသည်။ ကျွန်ုပ်တို့ကျူတောအင်းကျေးရွာသည် အင်္ဂပိုအုပ်စုတွင်ပါဝင်ပြီး မြစ်ဝကျွန်း ပေါ်မြေပြန့်ဒေသဖြစ်ပါသည်။ ကျူတောအင်းကျေးရွာသည် ဟသ်ာတမြို့နယ် ၏ အနောက်ဘက်(၁၀)အကွာအဝေးတွင် တည်ရှိပါသည်။ ပတ်ဝန်းကျင် ကျေးရွာများမှာ အင်္ဂပိုတောင်ပိုင်းကျေးရွာ၊ အင်္ဂပိုမြောက်ပိုင်းကျေးရွာ၊ ဇုက္ကနိကျေးရွာတို့ဖြစ်ပါသည်။ကျူတောအင်းကျေးရွာသည်လယ်ယာစိုက်ပျိုးရေး လုပ်ငန်း၊ ခြံလုပ်ငန်းများကို အဓိကထားလုပ်ကိုင်သောဒေသဖြစ်သည်။ နွေရာသီ တွင် စိုက်ပျိုးရေးအတွက်အဝီစိတွင်းများမှအသုံးပြုပြီး သောက်သုံးရေအတွက် ကိုမူ ရေတွင်း/အဝီစိတွင်းများမှ ရရှိနိုင်ပါသည်။

(ခ) **သဘာဝအရင်းအမြစ်**

ကျူတောအင်းကျေးရွာတွင် သတ္တုတွင်းထွက်ပစ္စည်းများ ထွက်ရှိမှု မရှိပါ။ သို့သော်လည်း သဘာဝဆေးဖက်ဝင်အပင်များဖြစ်သည့် ဘုန်းမသိမ်း၊ လောက်သေ၊ သက်ရင်းကြီး၊ ဆင်တုံးမနွယ်၊ ခွေးသေးပန်း၊ ကြိတ်မံ၊ ရဲယို၊ ရှမ်းပြေးပင်များစသည့်တို့ ပေါက်ရောက်သည့် ဒေသတစ်ခုလည်းဖြစ်ပါသည်။

၃။ **ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) **လူဦးရေဆိုင်ရာအချက်အလက်များ**

ကျူတောအင်းကျေးရွာသည် အိမ်ထောင်စု(၂၁၀)စုရှိပြီး၊ လူဦးရေ စုစုပေါင်း (၈၄၀)ဦးရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄)ဦးနှုန်းရှိသဖြင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းထက်လျော့နည်းနေပါသည်။အသက်(၁၅)နှစ်မှ(၆၅)နှစ်အထိ အလုပ်လုပ်နိုင်သော လူဦးရေများ မှာ (၅၃၉)ဦးရှိပြီး (၁၅)နှစ်အောက် လူဦးရေနှင့် (၆၀)နှစ်အထက် လူဦးရေစုစုပေါင်း (၃၀၁)ဦးသည်သည် မှီခိုသူများဖြစ်ကြပါ သည်။ ကျေးရွာအတွင်း နေထိုင်သူဦးရေများသောကြောင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အထောက်အပံ့ရရှိနိုင်ပါသည်။

(ခ) **စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ဥစ္စာဓနအဆင့် သတ်မှတ်ချက်အရ ကျေးရွာအိမ်ထောင်စု၏(၈၀)နီးပါး မှာ မပြေလည်သော အိမ်ထောင်စုများ ဖြစ်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုမှ(၁၈)စု၊ အလယ်အလတ်ရှိသော(၃၀)စုရှိပြီး မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများမှာ (၁၆၂) အိမ်ထောင်စုရှိကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုများတွင် ပျမ်းမျှ အားဖြင့် လယ်(၁၅ဧက)အထက် ပိုင်ဆိုင်ကြပြီး လယ်ယာသုံးစက်ကရိယာများ ပိုင်ဆိုင်မှုရှိကာ အိမ်အခြေအနေ ကောင်းမွန်မှုရှိကြပါသည်။ အလယ်အလတ် ရှိသော အိမ်ထောင်စုတွင် အိမ်အသင့်အတင့် ပိုင်ဆိုင်မှုရှိပြီး လယ်မြေ ပိုင်ဆိုင်မှု အသင့်အတင့်ရှိကာ စီးပွားရေး အသင့်အတင့်ရှိကြသော အိမ်ထောင် စုများဖြစ်ကြပါသည်။ ဆင်းရဲသောအိမ်ထောင်စုများနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများတွင် ကောင်းမွန်သော အိမ်အခြေအနေ ပိုင်ဆိုင်မှုမရှိခြင်း ၊ လယ်မြေ အနည်းငယ်သာပိုင်ဆိုင်ခြင်း၊ အချို့အိမ်ထောင်စုတွင် လယ်မြေ

ပိုင်ဆိုင်မှုမရှိခြင်း၊ အခြားဆင်းရဲသောအိမ်ထောင်စုများနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများတွင် ကောင်းမွန်သော အိမ်အခြေအနေပိုင်ဆိုင်မှုမရှိခြင်း၊ လယ်ယာမြေများမရှိခြင်း၊ အချို့အိမ်ထောင်စုများတွင် လယ်မြေပိုင်ဆိုင်မှု အနည်းငယ်သာရှိခြင်း၊ အချို့အိမ်ထောင်စုများတွင် လယ်ယာမြေပိုင်ဆိုင်မှု မရှိခြင်းကြောင့် ကျပန်း လုပ်ကိုင်ကြရပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျူတောအင်းကျေးရွာတွင် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စုအရေအတွက်(၅၄)တွင် (၂၆)အိမ်ထောင်စုမှာ(၃)လခန့် ချေးငှားခြင်းမပြုပဲ ထမင်းပုံမှန်စားသောက်နိုင်ပြီး (၂၅) အိမ်ထောင်စုမှာ ( ၃ လ မှ ၅လထိ) ဝမ်းစာဖူလုံမှုရှိပါသည်။ အိမ်ထောင်စု(၂)မှာ(၆လ)နှင့်အထက် ချေးငှားခြင်းမပြုပဲ ထမင်းပုံမှန်နပ်မှန်အောင် စားနိုင်ကြပါသည်။ ၎င်းတို့သည် လုပ်အားခ ကြွေးယူခြင်း ၊ ဆွေမျိုးမိတ်ဆွေများနှင့် ငွေတိုးချေးသူများထံမှ ချေးယူခြင်း၊ ခေါက်ပြန်ပေး အကြွေးယူခြင်း၊ အပြင်လုပ်အားခဖြင့် ဝယ်ယူခြင်း၊ အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။ ငွေကြေးအရင်းအနှီးမဖူလုံသောဆင်းရဲသားတောင်သူများအဖို့ ထိခိုက်မှုများရှိနိုင်ပါသည်။ မိုးရာသီမိုးအများဆုံး ရွာသွန်းချိန် ဝါဆိုဝါခေါင်လများတွင် ကွင်းရေကြီးလာလျှင် အနိမ့်ပိုင်းတွင် နေထိုင်သော အိမ်ထောင်စု(၂၅)ခန့်အခက်အခဲကြုံတွေ့နိုင်ပါသည်။ ရေကြီးနစ်မြုပ်မှုကြောင့် စိုက်ပျိုးသီးနှံများပျက်စီးမှုမှာ နှစ်တိုင်းကြုံရသောကြောင့် အချိန်ကာလကြာမြင့်လာလျှင် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်နိုင်သော ကျေးရွာလူထု စီးပွားရေး ထိခိုက်လာနိုင်ပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျူတောအင်းကျေးရွာတွင် ကျန်းမာရေးအတွက်ချို့တဲ့မှုရှိလာပါက ကျေးရွာအနီးအနားရှိ ကျေးရွာမှဆေးပေးခန်းသို့ သာမန်အဖျားရောဂါများ သွားရောက်ကုသနိုင်သော်လည်းအရေးပေါ်ကိစ္စရပ်များအတွက်ကိုမူ တလုတ္ထော် တိုက်နယ်ဆေးရုံ(သို့မဟုတ်) ဟသာ်တမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့သွားရောက်ပြသကြပါသည်။ ကျေးရွာနှင့် တိုက်နယ်ဆေးရုံသည် (၃.၅)မိုင်နှင့် မြို့နယ်ဆေးရုံသည် (၁၀)မိုင်သာကွာဝေးသောကြောင့် ကျန်းမာရေးစောင့်ရှောက်နိုင်ရေးအတွက် ဆိုင်ကယ်၊ထော်လာဂျီနှင့် ကားတို့ကို အသုံးပြုသွားလာနေ

ရသောကြောင့် သွားလာမှုအခက်အခဲအတင့်အသင့်ရှိပါသည်။ ထို့ကြောင့် မြို့ (သို့မဟုတ်) တိုက်နယ်နှင့်ကျေးရွာလမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် သွားရေးလာရေးခက်ခဲမှုရှိပါသည်။ ကျေးရွာအတွင်းတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးရေးဦးစီးဌာနမှ တူးဖော်ထားသော ၄လက်မ စက်ရေတွင်း ရှိပါသည်။ ကျေးရွာပိုင်ရေတွင်း(၆)တွင်းနှင့် စက်တပ်အဝီစိတွင်း (၆၄)တွင်းနှင့် လက်နှိပ်တုံကင်(၁၀၉)တွင်းရှိပြီး သောက်ရေနှင့် သုံးရေအတွက် လုံလောက်မှုရှိပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာကို အိမ်ထောင်စုတိုင်း သုံးစွဲသောကြောင့် ကျန်းမာသန့်ရှင်းမှုတို့ အလေးထားသော ကျေးရွာဖြစ်ပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျူတောအင်းကျေးရွာ၏ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား(၁၀၄)ဦးရှိပါသည်။ မူလတန်းအဆင့်အောင်မြင်သူများမှာ(၀.၅)မိုင်ကွာဝေးသော အင်္ဂပိုအခြေခံပညာမူလတန်းလွန်ကျောင်း(သို့မဟုတ်) (၃.၅)မိုင်ကွာဝေးသော တလုတ္တော်အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားရပါသည်။ကျောင်းအကျိုးတော်ဆောင်(၁၅)ဦးနှင့် ကျောင်းသားမိဘများ အားလုံးပါဝင်သော မိဘဆရာအသင်းသည် စုစည်း တက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်ကြသောကြောင့် မူလတန်းအဆင့် ပညာရေးအတွက် အခက်အခဲများမရှိ လုပ်ဆောင်နိုင်ပါသည်။ အချို့ကျောင်းသားများသည် ဟင်္သာတမြို့ရှိအထကကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများသို့သွားရောက်ပညာသင်ကြားကြပါသည်။ ကျူတောအင်းကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပါသည်။ စပါးကို မိုးရာသီနှင့် နွေရာသီ(အနည်းငယ်)စိုက်ပျိုးကြပြီး ကွမ်းကို နွေ၊မိုး၊ဆောင်း သုံးရာသီလုံး စိုက်ပျိုးကြသည်။ နွား၊ ဝက်၊ ကြက်၊ ဘဲ များ မွေးမြူကြသော်လည်း ဝက်၊ ကြက်၊ ဘဲများကို စီးပွားဖြစ် မွေးမြူခြင်း မရှိပေ။ စိုက်ပျိုးရေးမလုပ်သော အိမ်ထောင်စုများအနေဖြင့် ဈေးဆိုင်အရောင်းအဝယ်နှင့် ကျပန်းဘောက်လုပ်ကိုင် ဆောင်ရွက်ကြသည်။ တက္ကသိုလ်ဘွဲ့ရများရှိသောကြောင့် အစိုးရဝန်ထမ်းများလည်းရှိသည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျူတောအင်းကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေများအနက် အမျိုးသမီးများမှာ အမျိုးသားဦးရေထက် ပိုများပါသည်။ စပါးကျဲချိန်တွင် အမျိုးသားတစ်ဦးလျှင် (၅၀၀၀)ကျပ်ခန့် ရရှိကြသည်။ ကွမ်းခူးချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၃၀၀၀)ကျပ်ခန့် ရရှိကြသည်။နေ့စားအလုပ်လုပ်ကိုင်သူများမှာ တနေ့လျှင်လုပ်အားခ ကျား(၄၀၀၀) ကျပ်၊ မ(၃၀၀၀)ကျပ် ခန့်ရရှိပါသည်။ ကျေးရွာအိမ်ထောင်စုပေါင်း (၂၀၀)ခန့် လုပ်ကိုင်ကြသည်။ ကျေးရွာ၏ စာတတ်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက် အမျိုးသမီးဦးရေမှာ ပိုမိုများပြားပါသည်။ ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှုစနစ်မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသမီးများတက်ကြွစွာ ပူးပေါင်းပါဝင်ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။ ကျေးရွာတွင် အမျိုးသမီးများအတွက် သံသယဖြစ်ဖွယ်အကြမ်းဖက်မှု တိုင်ကြားမှုများ မရှိပါ။ လူနေမှုအဆင့်အတန်းခွဲခြားဆက်ဆံမှုမရှိပဲ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး စည်းလုံးညီညွတ်စွာနေထိုင်သော ကျေးရွာတစ်ရွာဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာအထောက်အကူပြုနိုင်ပါသည်-

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျူတောအင်းကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာလမ်းကော်မတီ မိဘဆရာအသင်း၊ ရပ်မိ/ရပ်ဖ ၊ ဂေါပက ၊ကျောင်းအကျိုးတော်ဆောင်၊လူငယ်အဖွဲ့တို့သည် ကျေးရွာ၏သာရေးနာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဆောင်ရွက်နေပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လမ်းညွှန်ချက်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

တွင် ပါဝင်သောဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျူတောအင်းကျေးရွာတွင်ရှိသော လယ်သမားများ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးဖြစ်ပြီး မိုးရာသီတွင်စိုက်ဧက(၆၃၄)ခန့် စိုက်ပျိုးကြပါသည်။ မိုးစပါးစိုက်ခင်းအားလုံးသည် မျိုးစေ့ကြဲစနစ်ကို ကျင့်သုံးကြပါသည်။ အနည်းငယ်မျှသာ ကောက်ပင်စိုက်ကြပါသည်။ စိုက်ပျိုးရေးချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးသောချေးငွေမှာ မြေပြင်ဆင်စရိတ်နှင့် စိုက်ပျိုးရေးစရိတ်အထိ အထောက်အကူပြုပါသည်။ သို့သော်ဓာတ်မြေသြဇာနှင့်ရိတ်သိမ်းစရိတ်တို့အတွက် ပြင်ပလုပ်ငန်းရှင်များနှင့် ဓာတ်မြေသြဇာအရောင်းဆိုင်တို့မှာ အတိုးနှုန်း(၃)ကျပ်မှ(၅)ကျပ်၊ အလွတ်ချေးငွေများအတွက် အတိုးနှုန်း (၆)ကျပ် မှ (၁၀)ကျပ်အထိပေး၍ လိုအပ်သော ချေးငွေများကို ချေးယူရပါသည်။

နွေစပါးစိုက်ပျိုးချိန် နောက်ကျသည့်လယ်များတွင် စိုက်သီးနှံအတွက် အောင်ရေ ပြဿနာများ ရင်ဆိုင်နေကြရပါသည်။ စိုက်ပျိုးရေးအတွက် အားထားရသော ချောင်း၊ မြောင်းများမှာ ခမ်းခြောက်လာခြင်း၊ အင်းလုပ်ငန်းများလုပ်ကိုင်ခြင်းကြောင့် လယ်သမားများ ရေကိုလုံလောက်စွာမရပေ။ လယ်အတွင်း အဝီစိတွင်းများတူးဖော်၍ ရေကို စုပ်ယူရပါသည်။ ကွမ်းစိုက်ပျိုးခြင်းကို ကျေးရွာအတွင်းရှိ အိမ်ထောင်စု(၁၀၀)ကျော် စိုက်ပျိုးကြပါသည်။ ရောဂါကင်းလွတ်သော ကွမ်းခြံများတွင် တိုင်(၁၀၀၀)လျှင် တစ်လဝင်ငွေ (၅၀၀၀၀)ကျပ်ခန့်ရရှိသဖြင့် ဆင်းရဲသားတောင်သူများအတွက် အားထားစိုက်ပျိုးနိုင်သော်လည်း ရောဂါမကာကွယ်နိုင်ပါက အရင်းအနှီးများဆုံးရှုံးနိုင်ပါသည်။ စိုက်ပျိုးရေးကိုသာ အဓိကစိုက်ပျိုးသော ကျေးရွာဖြစ်သည့်အတွက် ကြက်၊ ဝက်၊ ဘဲများကို တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ ကျေးရွာတွင် ရေလုပ်ငန်းများအား ရေပေါ်ရေလျံသာ လုပ်ကိုင်ကြပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျူတောအင်းကျေးရွာတွင် စိုက်ပျိုးရေးမဟုတ်ပဲအခြားစီးပွားလုပ်ကိုင်သူများမှာ ဈေးဆိုင်၊ အရောင်းအဝယ်၊ ပန်းရံ၊ လက်သမား၊ ဆိုင်ကယ်

ကယ်ရီအစရှိသည့် လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ နေ့စားလုပ်ကိုင်ကြသူများမှာလည်း လယ်ထဲတွင် စက်မောင်းခြင်း၊ ကွမ်းခြံဆင်ခြင်း၊ ကွမ်းခူးခြင်း စသည့်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ တစ်နေ့လုပ်အားခမှာ ကျား(၄၀၀၀) ကျပ်၊ မ(၃၀၀၀)ကျပ် ရရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၅၀)ခန့် လုပ်ကိုင်ကြပါသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျူတောအင်းကျေးရွာတွင် စိုက်ပျိုးရေးတွင် သဘာဝမြေသြဇာများကို အသုံးပြုမှုနည်းပါးလာပြီး ဓာတုမြေသြဇာများ၊ ဓာတုပိုးသတ်ဆေးများကို လိုအပ်သည်ထက် ပိုမိုအသုံးပြုလာကြသောကြောင့် စိုက်ပျိုးမြေများမှာ မြေဆီသြဇာများ ခမ်းခြောက်လာပြီး မြေဆီလွှာပျက်စီးမှုများ ဖြစ်ပေါ်နေပါသည်။ မြေဆီလွှာပျက်စီးလာသောကြောင့် သဘာဝအပင်မျိုးစေ့များလည်း ရှားပါးလာကာ အပင်များအတွက် ရောဂါကာကွယ် ထိန်းချုပ်မှုအားနည်းကြလာပြီး ဖျက်ပိုးများကျရောက်မှုရှိနေပါသည်။ ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့၊မည်သည့်ဌာနမှ သင်တန်းပေးခြင်း ကြိုတင်စီမံပေးခြင်း မရှိပါ။ သဘာဝအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် ရေဒီယို၊ တီဗွီ၊ ဖုန်းတို့မှ သိရှိရပါသည်။ ကျေးရွာအတွင်းတွင် မူလတန်းကျောင်းရှိသော်လည်း ကျေးလက်ဆေးပေးခန်းနှင့် စာကြည့်တိုက်တို့ မရှိသည့်အတွက် ကျေးရွာပြည်သူတွေအတွက် အသိဉာဏ်ဖွံ့ဖြိုးမှုနှင့် ဆေးဝါးကုသရာတွင် အခက်အခဲအနည်းငယ်ရှိပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာနတို့သည် ငွေချေးရန် အရင်းအမြစ်များဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံးထုတ်ချေးငွေမှာ (၁၅၀၀၀၀၀)ကျပ်ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၈၀ )ကျပ်နှုန်းဖြစ်ပြီး လတိုးဖြစ်သည်။ ထုတ်ချေးသည့်ကာလမှာ (၇)လ ဖြစ်ပါသည်။ လယ်သမားများအနေဖြင့် လုံလောက်သောချေးငွေမရရှိသဖြင့် အပြင်လုပ်ငန်းရှင်များထံမှ ငွေတိုးချေးယူသုံးစွဲရပါသည်။ ပုဂ္ဂလိကချေးငွေးအတိုးနှုန်းများသည့်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

မှ လုံလောက်သော ချေးငွေပမာဏအား နှစ်ရှည်(အနည်းဆုံး ၃ နှစ်) ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ပေသည်။

သမဝါယမအဖွဲ့မှ ထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန် (၅၀၀၀)ကျပ်စုရသည်။ လယ်ယာစိုက်ပျိုးရေးအတွက်သာ ထုတ်ချေးသည့် ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်တွင် (၁၀၀၀၀၀)ကျပ် ထုတ်ချေးနိုင်ပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျူတောအင်းကျေးရွာရှိ အခြေခံမူလတန်းကျောင်းဆောင်မှာ ( ၉၀ပေ၊ ၃၀ပေ၊ ၁၅ပေ) ရှိသော တစ်ထပ်ကျောင်းဆောင်ဖြစ်ပြီး အရည်အသွေးမှာ အသင့်အတင့်မျှသာ ကောင်းမွန်မှုရှိပါသည်။ ကျောင်းတွင်အစိုးရခန့်ကျောင်းအုပ်ဆရာ(၁)ဦး၊ ကျောင်းဆရာမ (၄)ဦး၊ စုစုပေါင်း(၅)ဦးရှိကာ ကျောင်းသားနှင့် ဆရာ/ဆရာမအင်အားအချိုးမှာ (၁:၂၆) ရှိပါသည်။ ကျောင်းအိမ်သာအခြေအနေမှာလည်း ကောင်းမွန်မှုရှိပြီး ထိုင်ခုံနှင့်စာရေးခုံများမှာ လိုအပ်နေပါသေးသည်။ ကျောင်းသားဦးရေ(၁၀၄)ယောက်ရှိပြီး ကလေးငယ်များအတွက်မူအားကစားကွင်း လိုအပ်နေပါသည်။ ကျောင်းသားကျောင်းသူများအတွက် သောက်ရေမှာ ဖူလုံမှုရှိပါသည်။ ကျောင်းရွာရှိ မူလတန်းကျောင်းတွင် တက်ရောက်ပြီးသော်လည်း ကျေးရွာပတ်ဝန်းကျင်ရှိ မူလွန်ကျောင်းတွင် ဆက်လက်ပညာသင်ယူကြရပါသည်။

ကျေးရွာအတွင်းတွင် ကျန်းမာရေးအတွက် ကာကွယ်ဆေးများကို ကျန်းမာရေး ဝန်ထမ်းများမှ လစဉ်ထိုးနှံပေးသောကြောင့် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များတွင် ဖြစ်ပေါ်လေ့ရှိသော ရောဂါများ ကင်းဝေးကြရသည်။ သာမန်အဖျားများအတွက် ကျေးရွာရှိဆေးဆိုင်များတွင် ရောင်းချသောဆေးများဖြင့် ပျောက်ကင်းသော်လည်း ဆိုးရွားသောရောဂါများနှင့် မတော်တဆဖြစ်ပွားမှုများအတွက် ကျေးရွာနှင့် (၃.၅)မိုင်ကွာဝေးသော တလုတ္တော်တိုက်နယ်ဆေးရုံသို့လည်းကောင်း၊ ကျေးရွာနှင့်(၁၀)မိုင်ကွာဝေးသော ဟင်္သာတမြို့ပြည်သူ့ဆေးရုံသို့လည်းကောင်း သွားရောက်ကုသကြရပါသည်။ အရေးပေါ်လူနာများရှိပါက မြို့ပေါ်ဆေးရုံသို့ သွားရောက်သည့်အခါ မိုးရာသီများ၌ ရွာတွင်းလမ်း၊ရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် သွားလာရခက်ခဲမှုများရှိပါသည်။ ထို့ကြောင့်လမ်းခရီးတွင် ကြန့်ကြာ

မှုရှိသဖြင့် လူနာများအသက်အန္တရာယ်စိုးရိမ်ရသည့်အခြေအနေတွင် ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာပါက ကျန်းမာရေးအတွက် သာမကပဲ ကုန်စည်စီးဆင်းမှုများပါ ပိုမိုမြန်ဆန်လာမည်ဖြစ်ပြီး စီးပွားရေး အခွင့်အလမ်းကောင်းများ ပွင့်လင်းလာမည်ဖြစ်ပါသည်။

ကျူတောအင်းကျေးရွာတွင် သောက်ရေနှင့်သုံးရေအတွက်ကိုမူ ရေတွင်း၊ တုံကင်၊ စက်တပ်အဝီစိတွင်းများမှ လုံလောက်စွာရရှိပါသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များမှာ ကျေးရွာ၏သာရေး၊ နာရေး၊ ဘာသာရေးတို့တွင် ပါဝင်ဆောင်ရွက်ကြပါသည်။ လူငယ်များအတွက် အားကစားနှင့် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ရန်နေရာနှင့် အထောက်အကူပြုပစ္စည်းများမရှိခြင်းကြောင့် ကိုယ်ကာယသန်မာမှုအတွက် အားကစားဝန်ဆောင်မှုများ လိုအပ်ပါသည်။ လူငယ်များမှကျေးရွာ၏ သာရေးနာရေးလုပ်ငန်းများတွင် အားတတ်သရော ပါဝင်လုပ်ဆောင်သော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုအားနည်းနေပါသည်။ ကျေးရွာမှလူကြီးများ၏လက်တွဲခေါ်ယူမှုမှာလည်း လိုအပ်နေပါသည်။ လူငယ်အဖွဲ့စနစ်တကျဖွဲ့စည်းရေးနှင့်စွမ်းဆောင်ရည်မြှင့်တင်ပေးရန် အဆိုပြုကြပါသည်။

## (ဇ) အခြေခံအဆောက်အဦများလက်လှမ်းမှီမှု လမ်းတံတားလျှပ်စစ်စွမ်းအား သတင်းနှင့် ဆက်သွယ်ရေး

ကျူတောအင်းကျေးရွာတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍ၌ ကုန်လမ်းတစ်မျိုးတည်းသာ တစ်နှစ်ပတ်လုံး အသုံးပြုကြပါသည်။ ကျေးရွာအတွင်း သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသောယာဉ်များမှာ စက်ဘီး(၁၇၃)စီး၊ ဆိုင်ကယ်(၁၀၅)စီး၊ ထော်လာဂျီ(၁၅)စီးရှိပါသည်။ စက်ဘီး၊ ဆိုင်ကယ်များကိုသာ တစ်နှစ်ပတ်လုံးအသုံးပြုနိုင်သော်လည်း ထော်လာဂျီများကိုမူ ပွင့်လင်းရာသီရောက်မှသာ အဆင် ပြေစွာ အသုံးပြုနိုင်ပါသည်။

ကျေးရွာမီးလင်းရေးအတွက် ယခင်က ဖယောင်းတိုင်နှင့်မီးခွက်ကိုသာ သုံးစွဲနေရပြီး ယခုအခါဆိုလာစနစ်မီးလင်းရေးကို မိမိအစီအစဉ်ဖြင့်သာ ဝယ်ယူသုံးစွဲနေရပါသည်။ ဖယောင်းတိုင်မီး၊ ဘက်ထရီမီးစသည်တို့ကိုလည်း အသုံးပြုကြပါသည်။

ကျူတောအင်းကျေးရွာတွင် တယ်လီဖုန်းလိုင်းနှင့် ဂြိုလ်တုစလောင်းများကို ဖမ်းယူကြည့်ရှုနိုင်ပါသည်။ အင်တာနက်လိုင်းကိုလည်း ကောင်းမွန်စွာ အသုံးပြုနိုင်ပါသည်။ ဖုန်း၊စလောင်း၊ရေဒီယိုတို့ကို အသုံးပြုနိုင်သောကြောင့် သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ ရယူနိုင်ပါသည်။ ဆက်သွယ်ရေး ကောင်းမွန်သော်လည်း လမ်းပန်းဆက်သွယ်ရေးမကောင်းပါ။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူလုံခြုံရေး**

ကျူတောအင်းကျေးရွာသည် မိသားစုရွာကဲ့သို့ပင် စည်းစည်းလုံးလုံး နေထိုင်ကြသဖြင့် ပြသာနာကြီးကြီးမားမား ဖြစ်လေ့မရှိပါ။ ဘုန်းတော်ကြီးများ၏ဆုံးမမှု၊ လူကြီးသူမများ၏ ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။ အမှုအခင်း ဖြစ်ပွားလေ့အလွန်နည်းပါးပါသည်။ ရွာတွင် အပျော်အပါးအနေဖြင့်သာ သာမန်ခိုးမှုအနည်းငယ်သာရှိပါသည်။ ကျေးရွာတည်ငြိမ်အေးချမ်းရေးအတွက် ကျေးရွာရပ်မိရပ်ဖ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာလူငယ်များ ပူးပေါင်းဆောင်ရွက်မှုရှိပါသည်။

**(၅) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ**

ကျူတောအင်းကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေစုစုပေါင်းမှာ ကျေးရွာ လူဦးရေ၏ (၇၀)%ခန့် ရှိပါသည်။ ထို့အပြင်တက္ကသိုလ်ဘွဲ့ရဦးရေအနည်းငယ်သာရှိပြီး လူကြီးလူငယ်လက်တွဲကာကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ကိုင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင်ဖြစ်ပါသည်။

ကျူတောအင်းကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောစီးပွားရေးကို လုပ်ကိုင်ကြသောကြောင့် မိုးစပါး၊ နွေစပါး၊ မတ်ပဲနှင့်ကွမ်းကို စိုက်ပျိုးထုတ်လုပ်နိုင်ပါသည်။ သီးနှံများရောင်းချချိန်တွင် စပါး၊ ပဲဈေးနှုန်း မကောင်းသဖြင့် မိမိလုပ်အားခပြန်ရရုံထုတ်လုပ်မှုအဆင့်သာရှိပြီး လယ်သမားမိသားစုများနှင့် ကျပန်းလုပ်ငန်းလုပ်ကိုင် နေရသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးလာပြီး စပါးအခြေခံရောင်းဝယ်မှု၊ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်များတွင် ကျေးရွာသူကျေးရွာသားများအတွက် ဝင်ငွေနှင့် စားနပ်ရိက္ခာကို အတန်အသင့်သာဖူလုံစေသည်ဟု ဆိုရမည်ဖြစ်သည်။ ရာသီဉတု

အနေအထားမှာ စိုက်ပျိုးရန်သင့်တော်သော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးရေးအတွက်ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုရှိပြီး သီးနှံမျိုးစေ့များ၊ မြေဩဇာများ၊ အခြားသွင်းအားစုများကို ဝယ်ယူရရှိနိုင်သော အခွင့်အလမ်းများရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် အလုပ်သမားများ ငှားရမ်းနိုင်ပါသည်။

ကျူတောအင်းကျေးရွာတွင် ရေလုပ်ငန်းကိုမူ မိုးတွင်းအခါမှသာ ရွာရှိအင်းထဲတွင် ငါးများကို မိသားစုအနည်းငယ်မျှသာ ရှာဖွေဖမ်းဆီးရောင်းချကြပါသည်။ စီးပွားဖြစ်မွေးမြူကြခြင်း မရှိသေးပါ။

စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အိမ်ထောင်စုအများစုမှာ အသက်မွေးမှုပြုကြသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို ထုတ်ယူခြင်း၊ သမဝါယမချေးငွေစသည်ဖြင့် ချေးငွေများကို လက်လှမ်းမီသည့်အတွက်ကြောင့်မိမိတို့အသက်မွေးကျောင်းလုပ်ငန်းများအတွက် သင့်တော်သော ရင်းနှီးငွေပမာဏအား ရရှိနိုင်ပါသည်။

ကျူတောအင်းကျေးရွာရှိ မူလတန်းကျောင်းမှာ ကျောင်းသား/သူများအတွက် သင့်တော်သောလုံလောက်မှုရှိသည့်အပြင် မိဘဆရာအသင်းမှာလည်း စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် မူလတန်းအဆင့်ပညာရေးအတွက် ကောင်းမွန်သော အလားအလာကောင်းများဖြစ်ပါသည်။ ၎င်းအပြင်အလယ်တန်းနှင့်အထက်တန်းပညာများသင်ယူမည့် အထက်တန်းကျောင်းနှင့် အကွာအဝေးမှာ (၃.၅)မိုင်ရှိပါသည်။ နေ့ချင်းပြန်ကျောင်းတက်နိုင်သည်ဖြစ်ရာ ပညာတက် လူငယ်လူရွယ်များ ထွက်ပေါ်လာနိုင် မည်ဖြစ်ပါသည်။ သို့ရာတွင် ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများမှာ ကောင်းမွန်မှု နည်းပါးသောကြောင့် ကျောင်းသား/သူများ သွားလာရာတွင် အခက်အခဲအနည်းငယ်ရှိပါသည်။

မြို့နယ်ဆေးရုံနှင့်ရွာမှာ (၁၀)မိုင်ကွာဝေးပြီး ကုန်လမ်းဖြင့်သာသွားလာကြရပါသည်။ ကျေးရွာတွင် ကလေး၊လူကြီး၊ ကျား၊မ မရွေးကျေးရွာ၏ သာရေး၊နာရေး၊ဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပြီး အိမ်ထောင်စုတစ်စုနှင့်တစ်စု မိသားစုသဖွယ်နေထိုင်ကြသောကြောင့် ကြီးမားသော မှုခင်းဖြစ်ပွားမှုအခြေအနေ နည်းပါးကာ ကျေးရွာ၏ဖွံ့ဖြိုးရေးအတွက် ကောင်းမွန်သော အခွင့်အလမ်းတစ်ရပ်လည်းဖြစ်စေသည်။

## (ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာနှင့် တိုက်နယ်ဆေးရုံမှာ (၃.၅)မိုင်ကွာဝေးပြီး၊ မြို့နယ်ဆေးရုံမှာ (၁၀)မိုင်ခန့် ကွာဝေးပါသည်။ ထို့ကြောင့် လူနာများ ဆေးရုံ/ဆေးခန်းသို့ သွားရာတွင် ရွာလမ်းများနှင့်ရွာချင်းဆက်လမ်းများ ကောင်းမွန်မှုမရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများနှင့် ရင်ဆိုင်ရပေဦးမည်ဖြစ်ပါသည်။

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေသော အဖွဲ့အစည်းများရှိသော်လည်း သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ရန် အားနည်းနေသေးသည်။

ကျေးရွာတွင် စိုက်ပျိုးသီးနှံများထွက်ရှိသော်လည်း အချိန်မီရောင်းချရန်အတွက် ဈေးကွက်နှင့် အလှမ်းဝေးနေသေးသည်။ ထို့ကြောင့်ထိုက်သင့်သော ဈေးနှုန်းနှင့် ဈေးနှုန်းမှန်ကန်စွာ ရောင်းချနိုင်မှုမရှိသေးပါ။

### (၁) စိုက်ပျိုးရေး

ကျူတောအင်းကျေးရွာတွင် စပါးနှင့်ပဲကိုသာ အဓိကထားစိုက်ပျိုးရသောကြောင့် စပါးများရိတ်သိမ်းရာတွင် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းကြပြီး အချိန်တိုအတွင်း လုပ်ငန်းပြီးစီးမှုရှိသော်လည်း ငှားရမ်းခဈေးကြီးခြင်း၊ အလွယ်တကူငှားရမ်း မရနိုင်ခြင်းတို့ကြောင့် လုပ်ငန်းခွင်အခက်ကြုံရသည်မှာ တောင်သူလယ်သမားတိုင်း ကြုံတွေ့ရသည်။

စပါးအထွက်တိုးနည်းပညာများကို နည်းပညာဝန်ဆောင်မှုအဖွဲ့များထံမှ ရရှိနိုင်သော်လည်း လိုအပ်သောသွင်းအားစုများကို အချိန်မီထည့်သွင်းနိုင်မှု မရှိနိုင်ခြင်းကြောင့် အထွက်တိုးနည်းပညာများ၏ရလဒ်ကို အထင်အရှားမမြင်ရနိုင်၍ နည်းပညာပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူအားလုံး အကျိုးအမြတ်ဖြစ်ထွန်းလာရန်များစွာ အချိန်ယူရဦးမည်ဖြစ်ပါသည်။

### (၂) မွေးမြူရေးနှင့်ရေလုပ်ငန်း

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများအား စီးပွားဖြစ်လုပ်ကိုင်ကြသူများ မရှိသေးချေ။ မွေးမြူသည့်နည်းပညာနှင့်ရင်းနှီးမြုပ်နှံမှုစရိတ် ထုတ်ချေးပေးနိုင်ပါက ပို၍အဆင်ပြေမည်ဖြစ်ပါသည်။ ကြက်၊ ဝက်၊ ဘဲများအား တစ်ပိုင်တစ်နိုင်မွေးမြူလျက်ရှိပါသည်။

### (၃) ပညာရေး

ပညာရေးတွင် ဆင်းရဲသောမိသားစုများမှ ကျောင်းသား/သူများအဖို့ ကျောင်းစရိတ်မတတ်နိုင်၍ ကျောင်းတက်ရန် အခက်အခဲများရှိခြင်းကြောင့် မူလတန်းအဆင့် ကျောင်းထွက်နှုန်း အသင့်အတင့်ရှိသည်။ ကျေးရွာစာသင်ကျောင်းတွင် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ အသင့်အတင့်သာ လုံလောက်သော်လည်း လိုအပ်ချက်များ ရှိနေပါသေးသည်။

### (၄) ကျန်းမာရေး

ကျန်းမာရေးကုသမှုအတွက် ပတ်ဝန်းကျင်ကျေးရွာရှိ ကျေးလက်ဆေးပေးခန်း(သို့မဟုတ်)ဆေးရုံသို့ သွားရောက်ကုသမှုခံယူရတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် အချို့သောလူနာများသည် လမ်းခုလတ်တွင် အသက်အန္တရာယ်များရှိသည်အထိ အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။ ထို့အပြင် ရွာ၏အနီးအနားတွင် ရောဂါများကုသရန် ဆေးနှင့်ဆေးဘက်ဆိုင်ရာပစ္စည်းများ ပြည့်စုံစွာမရှိခြင်း၊ ကျေးရွာရှိ ရွာသူ/သားများသည် ကျန်းမာရေးနှင့်ပတ်သက်၍ အသိအမြင်ဗဟုသုတ အားနည်းခြင်းများအား အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးနိုင်လျှင် ကျန်းမာရေး အတွက် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ

ကျွန်ုပ်တို့ကျူတောအင်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထိုကြောင့်ပင် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းများဖြင့် အဆိုပါစီမံကိန်းရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေးအကောင်အထည်ဖော်ရမည့်နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

### (က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များတွင် ကျေးရွာသူ/သားများဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့်ပညာရေးကို အလေးထားပြီး ကလေးများနှင့်လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကို (၂၀၁၈ မှ ၂၀၂၂) (၅နှစ်ကာလ)

အတွင်း အောက်ပါအတိုင်း ရိုးရှင်းစွာ ချမှတ်ထားပါသည်။

(၁) ကျေးရွာလူထုသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်နှင့် ကျေးရွာမီးလင်းရေးတို့ကို ဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရမည်။

(၂) လူငယ်များအား ပညာတတ်မြောက်မှု ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ ကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာရမည်။

(၃) ရွာလူထုသည် စိုက်ပျိုးရေးထုတ်ကုန်တိုးမြှင့်ထုတ်လုပ်ခြင်း၊ မွေးမြူရေးများ တိုးတက်လုပ်ကိုင်လာခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

## (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါအကောင်အထည်ဖော်ရေးနည်းဗျူဟာကို ကျင့်သုံး၍ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟု ယုံကြည်ပါသည်။

(၁) ကျေးရွာရှိ မိရိုးဖလာစိုက်ပျိုးရေးနည်းများကိုသာ အသုံးပြုနေသောတောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက် အထွက်နှုန်းနှင့်အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသော စပါးမျိုးများကိုသာ ဦးစားပေးစိုက်ပျိုးထုတ်လုပ်ရန်နှင့် စိုက်ပျိုးနည်းပညာများ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(၂) လယ်သမားငယ်များနှင့်ကျပန်းမိသားစုများအားမွေးမြူရေးလုပ်ငန်းဖြင့် အပိုဝင်ငွေရရှိစေရန်အတွက် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ အကူအညီဖြင့် တိရစ္ဆာန်ရောဂါကာကွယ်ရေးအစီအမံများ လုပ်ဆောင်ခြင်း၊ ကျေးလက်မွေးမြူရေးလုပ်သားများ မွေးထုတ်ပေးခြင်း၊ စနစ်ကျသော ခေတ်မီမွေးမြူရေးနည်းပညာပေးသင်တန်းများ ဖြန့်ဝေခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်ပါသည်။

(၃) ကျေးရွာအတွင်းရှိ လူငယ်များ၏အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် ဒေသအတွင်းစက်ရုံ၊ အလုပ်ရုံများတိုးတက်များပြား

လာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များ ဈေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှကုန်ချော ထုတ်လုပ်သော နည်းပညာများရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှုရရှိရန် လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းတွင် တောင်သူလယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအစီအစဉ်ရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာ၌ အသေးစားလုပ်ငန်းများအတွက် လုံလောက်မှုမရှိသောကြောင့် ချေးငွေထုတ်ပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများဖွံ့ဖြိုးတိုး တက်လာစေပါသည်။

(၅) ကျေးရွာတွင် လမ်းများနှင့်ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများအတွက်သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထုလုပ်အား ပေါင်းစပ်ကာ လုပ်ဆောင်သွားမည် ဖြစ်သည်။

(၆) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓါတ်အားလိုင်းနှင့် ချိတ်ဆက်ရန် မတတ်နိုင်သေးသဖြင့် စီမံကိန်းကာလအတွင်း လျှပ်စစ်မီးရရှိရေးအတွက် ကျေးရွာမီးလင်းရေးကော်မတီဖွဲ့စည်းရန်၊ အထောက်အပံ့ပေးနိုင်မည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ကိုဆက်သွယ် ဆောင်ရွက်ရန် အရေးတကြီးလိုအပ်နေပါသည်။

## (၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းကျင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ဤအခန်းကိုပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏ လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာ အဆင့်ထိပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့်အဖွဲ့

အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စစ်ဆေးခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ခဲ့သော ဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည့်တို့ ဆောင်ရွက်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟုမျှော်လင့်ပါသည်။

**(ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ**

ကျူတောအင်းကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာတွင်ချေးငွေများ ထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ(ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူတောင်သူများအတွက် လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည်ကာလရှည် ချေးငွေများထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများလိုအပ်သော ချေးငွေများထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီးဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲ သင့်ပါသည်။

**(ဂ) အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့်ဈေးကွက်အတွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း**

ကျူတောအင်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ ဈေးကွက်ဆိုင်ရာသဘောသဘာဝများ သိရှိမှု အားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များကို ရရှိရန် ခေတ်မီသော နည်းပညာများလိုအပ်သည်။ ဟသ်ာတမြို့နှင့် မဝေးလှသောအားသာချက်ကို အမှီပြု၍ဒေသ၏ထွက်ကုန်များကို ရောင်းချရန်

ဈေးကွက်သဘောတရားများကို နားလည်အောင် လမ်းပြပေးမည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြပေးမှုများလည်းအရေးပါလှသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ဖန်တီးပေးယုံသာမကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်နိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများစသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းများဖြင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာတိုးတက်လာစေပါသည်။

